ဝန်ဇင်း

Read on the move

ချင်ဗ

# ဤမှန်ကန်သော အမုန်းတရားကြောင့်



## စာရေးသူ၏ အမှာ

ကိုယ့်ခံစားချက်နဲ့ ပတ်သက်ပြီး ပရိသတ်နဲ့ တိုက်ရိုက်ထိတွေ့ရင်ဖွင့်တာ ဒါပထမဆုံးပါပဲ၊ တကယ်ဆိုရင် "သျှင်မ" ဟာ ပရိသတ်ရဲ့ ရင်ခုန်သံတွေကို တိတ်တိတ်လေး နားထောင်ကြည်နူးရင်း အမြဲတမ်း ကြိုးစားနေမယ့်သူပါ။

ဒါပေမယ့် ဒီရက်ပိုင်းတွေမှာ တော့ စာဖတ်ပရိသတ်အတွက် စိတ်အနှောင့်အယှက်ဖြစ်စရာတွေ မထင်မှတ်ဘဲရှိခဲ့တဲ့ အကြောင်း မေးမြန်းစုံစမ်းလာကြတဲ့ မေးခွန်းတွေအရ သိလာရပါတယ်။ မေးမြန်းကြသူတွေများ ပေမယ့် မေးခွန်းကတော့ တစ်ခုတည်းပါပဲ။ ဘယ်ဇာတ်က ဘယ်လို ၊ အရေးအသားက ဘယ်သူရေးတာနဲ့ တူသလိုပဲ၊ ဘယ်သူက ကူးတာလဲ၊ ဒါမှ မဟုတ် စာရေးသူက တစ်ယောက်တည်းလား စသဖြင့် မေးမြန်းကြသည့် ပရိသတ်များကိုလည်း တစ်ပေါင်းတည်း အသိပေး ရှင်းပြလိုက်ပါသည် ။

"သျှင်မ"သည် ဤကလောင်အမည်ဖြင့် ထုတ်ဝေခြင်းမပြုမီ လုံးချင်းဝတ္ထု အုပ်ရေပေါင်း လေးဆယ်ကျော် ရေးသားခဲ့ပါသည် ။ သုံးဆယ့်ငါးအုပ်သည် ထုတ်ဝေသူတစ်ဦးထံသို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိသွားပြီး ၎င်း၏ ကလောင်နာမည်ဖြင့် ထုတ်ဝေလျက်ရှိရာ အောင်မြင်စွာ နာမည်တစ်လုံးနှင့် ရပ်တည်လျက်ရှိပါသည် ။ မိမိလက်နှင့် ရေးသားခဲ့သော စာသားလေးတွေကို မျက်နှာဖုံးလှလှလေးနှင့် ပုံနှိပ်စာလုံးလေးတွေ အဖြစ်ပြန်လည် ဖတ်ရှုခွင့်ရရင်ပဲ သေပျော်လောက်အောင် ရူးသွပ်ခဲ့သူက "သျှင်မ" ပါ။ ထိုစာအုပ်များမှာ မိမိနှင့် လုံးဝမသက်ဆိုင်တော့ကြောင်း နောက်မှ သိနားလည်ခဲ့ရပါသည် ။

စာတွေရေးနေခဲ့ရပြီး "သျှင်မ" ဆိုတဲ့ ကိုယ်ပိုင်ကလောင်ကိုတော့

ဆုံးရှုံးမှုများ စွာနှင့် ရင်းနှီးပြီးမှ ပိုင်ဆိုင်ခဲ့ရတာ ပါ။

မိမိရေးသော စာများ ဖြင့် ထိုသူအောင်မြင်နေတာကိုရော၊ ပရိသတ် တစ်ယောက်မေးလျှင် တစ်ယောက်ကိုပဲ ပြန်ဖြေခဲ့သည် ။ ယခုကဲ့သို့ အားလုံးသိအောင် အကျယ်တဝင့် မရှင်းလင်းခဲ့ပါ။ စာပေကို တကယ်လ က်ခံပြီး တကယ်အားပေးနေကြတဲ့ ပရိသတ်ဟာ တစ်နေ့တော့ သိလာမှာ ပါဆိုသော ယုံကြည်ချက်နှင့် နေခဲ့သလို တစ်ဖက်သားကို ပု တ်ခတ်ပြောရမှာ မို့ မရှင်းတော့ဘဲ နေလိုက်တာလည်း ပါသည် ။ သို့ သော် ဤသို့မှ မရှင်းခဲ့လျှင် ယခုကဲ့သို့ နှစ်ယောက်ထဲက တစ်ယောက်ကို လက်ညှိုးထိုးတော့မည့်ကိစ္စမှာ ကိုယ်ပဲ ဆက်လက် နစ်နာဦးမှာ မို့ ရှင်းပြရခြင်းဖြစ်ပါသည် ။

သုံးဆယ့်ငါးအုပ်ကိုပဲ ကိုင်ထားခဲ့တဲ့ သူကတော့ ဒီစာအုပ်တွေကုန်ရ င် သည် ဇာတ်၊ သည် စာတွေ ရပ်သွားမှာ ပါ။ ကုန်ပြီဟု လည်း ထင်ပါ သည် ။ ထိုကလောင်အမည်နှင့် နောက်ထပ်ထွက်ရှိနေလျှင်လည်း “သျှင် မ” ရဲ့ စာတွေနဲ့ တူနေတော့မှာ မဟုတ်ပါဘူး။

သူတပါးခံစားရေးသားထားသော စာများကို ဖြတ်ယူခြင်း၊ ကူးယူခြ င်း ထင်ယောင်ထင်မှားကိစ္စမှာ လည်း ရှင်းလောက်ပြီ ထင်ပါတယ်။ အ နှစ်ချုပ်ကိုပြောရပါလျှင် “သျှင်မ” သည် စာပေဝါသနာကို အသက်တမျှ တန်ဖိုးထားလျက် အားပေးကြသော ပရိသတ်အပေါ် ဘယ်သောအခါမှ မစော်ကားပါ။ ကိုယ်တိုင်ရေးသော ဇာတ်လမ်း၊ ဇာတ်ကွက် ဆန်းများ ကို တစ်အုပ်နှင့် အစ်အုပ် မထပ်စေဘဲ ပရိသတ်များ အတွက် ကြိုးစားတ င်ဆက်နေမည့် “သျှင်မ” ဖြစ်ပါတယ်။ စာပေချစ် ပရိသတ်ဟာ “သျှင်မ” အတွက် ထပ်တူတန်ဖိုးကြီးမားသော ရတနာဖြစ်ရာ..

“ပရိသတ်အတွက်

ထာဝရ

သျှင်မ” ဆိုသော စာတမ်းကလေးအတိုင်း

ဆက်လက်တည်ရှိသွားမည်ဖြစ်ကြောင်း..

သျှင်မ

*

# အခန်း (၁)

အဝေးပြေးကားကြီး ထွက်တော့မည်။ စက်နှိုးသံနှင့်အတူ ကားကြီး တုန်ခါလှုပ်ခတ်လာတော့ နှုတ်ဆက်ရင်း မျက်ရည်လည်နေကြသည့် သူငယ်ချင်းတွေ ငိုချင်းချကုန်၏ ။

လက်ကိုလှမ်းဆွဲတဲ့ သူကဆွဲ၊ မျက်ရည်တွေကျလျက် မျက်လုံးနီနီကြီးများ နှင့် မော့ကြည့်ပြီး မော့ကြည့်ပြီး လက်ပြတဲ့ သူကပြ။

"ကိုင်း ဟိုရောက်ရင် စာရေးဦးနော်"

"ကိုင်း စာကြိုးစား သိလား၊ နင်က တော်ပြီးသားပါ"

ကိုင်းလည်း မျက်ရည်တွေဝေ့တတ်လာလျက် ဘာမှ လည်း ပြန်မပြောနိုင်အောင် လည်ချောင်းထဲမှာ ကျပ်ခဲနေသဖြင့် အားလုံးကို ကားပေါ်ကနေ ငုံ့မိုးကြည့်ကာ ခေါင်းပဲတွင် တွင် ညိတ်ပြနေမိသည် ။

ပြီးတော့ မျက်လုံးတွေက ဒီဘက်အဝင်လမ်းဆီကို ငေးမျှော်ကြည့်မိသည် ။ ဒါကို မော့ကြည့်နေသည့် ယမင်းက မြင်သွားကာ..

"မြတ်သု မလာနိုင်တော့ဘူးထင်ပါတယ်ဟာ၊ သူ့ကို နင် ခွင့်လွှတ်လိုက်ပါ။ သူ့အဘွားလဲ တော်တော်မကျန်းမာ ဖြစ်နေတာဟ"

ကိုင်း ခေါင်းညိတ်လိုက်ပါသည် ။

ဒါပေမယ့် ရင်ထဲမှာ မကောင်းနိုင်။ ဒီသူငယ်ချင်း ဒီအုပ်စုတွေဟာ ငယ်ပေါင်းကြီးဖော် သူငယ်ချင်းတွေဖြစ်သည် ။

အးလုံးထဲမှာ မြတ်သုနှင့်ကိုင်းက အတွဲဆုံး၊ အခင်ဆုံး၊ ငယ်ငယ်က တော့ သူငယ်ချင်းလိုပါပဲ။ နောက်ကျတော့ သံယောဇဉ်တွေက

အရောင်ပြောင်းနေခဲ့ကြပြီ ဖြစ်၏ ။ ဖွင့်မပြောဖြစ်ကြပေမယ့်လည်း နှလုံးသားချင်းတော့ နားလည်နေကြပါသည် ။

ညက ကိုင်းကို မြတ်သု လာတွေ့သည် ။ ဘုရားပွဲမှာ ကိုင်း လိုချင်သည် ဟု ပြောခဲ့ဖူးသည့် အနက်ရောင်ကော်စေ့ပုတီးကုံးလေး ပေးလာရင်း ...

“ဒါလေး နင်လိုချင်မှန်းသိလို့ ငါ ဝယ်ဖို့ ကြိုးစားနေတာ ကြာပြီဟ၊ လက်ထဲမှာ ပိုက်ဆံပါတော့လဲ အဆင်သင့်မတွေ့လို့ မဝယ်ဖြစ်ဘူး၊ မနေ့က ငါ ပွဲတော်ထဲလိုက်သွားပြီး သေချာပတ်ရှာလာတာ၊ နင်က ခရီးသွားတော့မှာ ဆိုတော့ လက်ဆောင်ပေးလိုက်ချင်လို့ လေ”

အိမ်ရှေ့မှာ ဆိုပေမယ့် ညက မှောင်နေသည် ။ တစ်ယောက်မျက်နှာ တစ်ယောက် ငေးကြည့်နေမိကြပေမယ့် လင်းလင်းချင်းချင်းတော့ မမြင်ရပေ။

“ငါ မနက်ကျရင် လာဖြစ်ဖို့ မလွယ်ဘူး။ မျှော်မနေနဲ့ နော်၊ နင် ခရီးဝေးသွားမှာ ဆိုတော့ ငါ နှုတ်ဆက်ချင်ပါတယ်၊ ဒါပေမယ့် မလာဖြစ်ရင် ပိုကောင်းမယ်လို့ ထင်ပါတယ်ဟာ၊ မျက်စိရှေ့ကနေ ထွက်သွားတာကို ငါ မမြင်ရဲဘူး”

ကိုင်းကို တမေ့တမော ကြည့်နေပြီး မရိုးသားသည့်စကား မပြောခဲ့ပါ ။ ဒါပေမယ့် ပြောလိုက်ခြင်းထက် ပို၍ လေးနက်သည့် မျက်ဝန်းစကားတို့ ကို ကိုင်း နားလည်သည် ။

“ငါတို့ တစ်သက်လုံး မမေ့ကြေး”

ဟု ပြောသော နောက်ဆုံးနှုတ်ဆက်စကားကို သတိရလိုက်စဉ် မျက်ရည်စက်က ပေါက်ခနဲ ကြွေဆင်းသွားသည် ။ ပန်းနုရောင်

လက်ကိုင်ပဝါလေးနှင့် မျက်ရည်ကိုကော၊ မျက်နှာတစ်ပြင်လုံးကိုပါ ပွတ်သုတ်ပစ်လိုက်ပြီး ကျန်ခဲ့သည့် ယမင်းတို့ ထံ ပဝါနဲ့ ဝှေ့ယမ်းနှုတ်ဆက်လိုက်သည် ။

ထိုစဉ် အဖြူရောင် ချိုင်းပြတ်စွပ်ကျယ်၊ ဂျင်းဘောင်းဘီရှည်နှင့် တအားပြေးလာနေသည့် မြတ်သုကို ကိုင်း မြင်လိုက်ရဥည်။

“မြတ်သု”

“ကိုင်း..”

ကိုင်း တအား လှမ်းခေါ်လိုက်ပေမယ့် မြတ်သု ခေါ်တာကိုတော့ ကိုင်း မကြားရပါ။

ဒါပေမယ့် လက်တစ်ဖက်မြှောက်၍ ဝှေ့ယမ်းခါလိုက်စဉ်မှာ လှမ်းခေါ်လိုက်သည့် ကိုင်း သိသည် ။ ပြီးတော့ ကားထွက်ပြီမှန်း သိလိုက်သဖြင့် ပြေးနှုန်းကို ပို၍ မြှင့်လာ၏ ။

ဒါပေမယ့် မြတ်သုရယ်..

ကားက မြတ်သုကိုချန်ထားခွဲခွာ၍ အရှိန်တင်မောင်းနှင်ခဲ့ပြီဖြစ်သည် ။

“မြတ်သု..မြတ်သုရယ်..နင် မပြေးပါနဲ့ တော့”

ကိုင်း မျက်ရည်စက်တွေ ပိုးပိုးပေါက်ပေါက်ကျလာရင်း တစ်ယောက်တည်း အရူးမလေးလို ပြောမိ၏ ။ ထို့နောက် မြတ်သု မြင်အောင် လက်တစ်ဖက်ထုတ်မြှောက်၍ ကိုင်ထားသည့်လက်ကိုင်ပဝါကို လုံးထွေးပစ်ချပေးခဲ့လေသည် ။

မြတ်သု ရသွားပါစေ၊ သူ မြင်ပါစေ၊ အလွန်ဝေးကွာသည့်နေရာမှ ကျ

န်ရစ်ခဲ့ပြီဖြစ်သည့် မြတ်သု ဒီနေရာသို့ရောက်သည့်အခါ ပဝါကို တွေ့ချင်မှ တွေ့တော့မည်။ ရချင်မှ ရမည်။

ဒါဟာ နင်နဲ့ ငါ့အတွက် ကံကြမ္မာလား...

*

# အခန်း (၂)

"အဲဒီ မြေကွက်ပဲ၊ မမ ကြိုက်ရဲ့ လား"

နေခြည်က ကားတံခါးကို လက်နောက်ပြန်ပိတ်လိုက်ပြီး မြေကွက်ကို လှမ်းကြည့်၏ ။ အပြင်ထွက်တိုင်း မျက်မှန်တပ်သည့်အကျင့်ကြောင့် ပြာလဲ့လဲ့မြင်ကွင်းက မှိုင်းနေသည် ။ ထို့ကြောင့် မျက်မှန်ကို ဆွဲဖြုတ်ပြီး ထပ်ကြည့် ဖြစ်၏ ။

မြေကွက် တော်တော်ကျယ်ပါသည် ။ ကြက်လျှာစွန်းပုံနေရာမှာ ဖြစ်ပြီး ပြည်လမ်းမကြီး၏ လက်ဝဲထောင့်နားမှာ ကျသည် ။

နောက်ကျောဘက်မှာ ခုနစ်လွှာထိမြင့်သော တိုက်ခန်းအိမ်ရာများ နှင့် ဝန်ထမ်းတန်းလျားတွေလည်း ရှိ၏ ။ ဟိုဘက်ခပ်ဝေးဝေးမှာ အိမ်စုသေးသေးလေးတွေ တချို့ရှိသေး၏ ။

လ မ ်းမ ၏ ဒ ီဘ က ်ခြ မ ်းမ ၂၁ ကားမှတ်တိုင်နှင့် စားသောက်ဆိုင်ခန်းကြီးတွေနှင့် စည်စည်ကားကားရှိ၏ ။

သေချာကြည့်ပြီးတော့ နေခြည်က မျက်မှောင်ကြုတ်နှင့် ဒီဘက်လှည့်ကာ..

"ဟိုးဘက်ထိပ်က အိမ်သေးသေးလေးတွေ စုနေတာ ဘာလဲ"

"အဲဒါက ကျူးကျော်တဲလေးတွေပါ၊ ကျွန်တော်တို့ သတ်မှတ်ထားတဲ့ ဧကသုံးဆယ်ထဲမှာ အဲဒီ ဘက်ထိပါတယ်။ မမတို့ လုပ်ငန်း စတော့မယ်ဆိုရင် အားလုံးရှင်းသွားဖို့ က ကျွန်တော်တို့ တာဝန်ထားပါ၊ ဒီဘက်က အမိုက်ပုံလိုနေရာကလဲ အောက်က မြေကြီးသန့်တယ်၊ စစ်ဆေးပြီးပါပြီ"

နေခြည်က မျက်မှန်ပြန်တပ်လိုက်ပြီး ခေါင်းညိတ်၏ ။

"အေး သွားရင်းနဲ့ ဆက်ပြောရအောင်၊ နံလိုက်တာ"

ရှုံ့မဲ့ညည်းညူရင်း ကားထဲပြန်ဝင်ထလိုက်သည် ။ ဒီလို အချက်အချာကျသည့်နေရာမျိုးမှာ အမှိုင်ပုံဖြစ်နေတာ အံ့သြစရာပါ။ ပြီးတော့ လမ်းဘေးမုန့်ဆိုင်လေးတွေကလည်း တဲငယ်လေးတွေနှင့် ချက်ပြုတ် စားသောက်ထားကြသည့် ခွေးရာ၊ လက်ရာ၊ စွန့်ပစ်ပစ္စည်း တချို့က လမ်းဘေးမှာ ဒီတိုင်း။

နေခြည့်မျက်နှာ ရှုံ့မဲ့နေသည် ။ သူမသည် အလွန် ချမ်းသာကြွယ်ဝသော GT.MART ၏ ပိုင်ရှင် နေခြည်နွေးဖြစ်ကာ ရန်ကုန်မြို့၏ အချက်အချာသောမြို့နယ်တိုင်း၊ နေရာတိုင်းမှာ GT.MART တွေ မြောက်မြားစွာ ထွန်းကားထွက်ပေါ်လာဖို့ ကြိုးစားနေသူဖြစ်သည် ။ လက်တွေ့မှာ လည်း GT.MART က တော်တော်လေး နာမည်ကျော်နေပြီဖြစ်သည် ။

"ကိုစိုင်း"

"ဗျာ မမ"

"အဲဒီ မြေကွက်ကို လက်မလွှတ်စေနဲ့ နော်"

"စိတ်ချပါ မမ"

"အေပရယ်ဖူးကုမ္ပဏီက ကမ်းလှမ်းထားတာရှိတယ်ဆိုတာ ငါ ကြားတယ်"

"မမ စိတ်အေးအေးနေပါ၊ ကျွန်တော်က မမကို ခေါ်မပြရသေးလို့ ၊ အခု စလှုပ်ရှားတော့မယ်"

"အေး လိုအပ်တာ ချက်ချင်းဖုန်းဆက်။ ဝယ်တာ၊ ငွေချေတာနဲ့ ဖောင်

ဒေးရှင်းချဖို့  မှာ တစ်ရက်ကလေးမှာ အလေအလွင့်မရှိစေနဲ့ ၊ မြန်လေ ကောင်းလေပဲ”

“စိတ်တိုင်းကျ ဖြစ်ရပါစေ့မယ်”

ကိုစိုင်း ကားကို လမ်းမဘက်သို့ ကွေ့လိုက်ပြီး မီးပွိုင့်လွတ်အောင် အရှိန်မြှင့်ဝင်လိုက်၏ ။ ထိုစဉ် ဖုန်းသံမြည်လာသဖြင့် နေခြည်က လက်ကိုင်အိတ်ကို ဖွင့်ယူလိုက်၏ ။

“ဟဲလို နေခြည်နွေးပါရှင်”

“.....”

“ရှင်..ဘယ်သူ..မင်းထွတ်....မင်းထွတ်လား၊ မောင်လေး ဘာဖြစ်လို့ လဲ”

နေခြည့်ကိုယ်က ဆိုဖာပေါ်မှာ တောင့်တောင့်မတ်မတ်ကြီး ဖြစ်သွား သည် ။

“. . .. . .”

“အေး လာမယ်၊ အဲဒီ ကိစ္စ ဘယ်သူမှ မသိစေနဲ့ ၊ ဟိုဘက်က ကောင် လေးတွေကော ခဏထိန်းထား ကြားလား၊ လာပြီ ခုပဲ”

ဖုန်းပြောနေတာ ကြားကတည်းက ကိုစိုင်းက ကားကို အရှိန်လျှော့ချ လိုက်ပြီဖြစ်သည် ။ တစ်နေရာရာသို့ ကားဦးပြန်လှည့်ရတော့မည်ကို သိ လိုက်၍ ..

“ကိုစိုင်း ကရဝိတ်ဘက်ကိုမောင်း”

*

# အခန်း (၃)

"ဟန်နေ..ဟန်နေ ဘယ်မှာ လဲ"

ပတ်တီးတွေ၊ ပလာစတာတွေနှင့် ဟိုဘက်ဒီဘက် ခွဲထိုင်နေကြသည့် လူငယ်တွေမျက်နှာကို သေချာလိုက်ကြည့်၍ နေခြည်နွေး ပျာယာခတ်နေသည် ။

"မမကြီး"

"ဟင်"

အဝင်ဝနှင့်ကပ်လျက် နို့စိမ်းရောင်ခန်းဆီးချထားသည့်အခန်းထဲက နေ မင်းထွတ် ထွက်လာသည် ။

"မင်းထွတ် ငါ့မောင်းလေးကော"

မေးလို့ မဆုံးသေးမီ မင်းထွတ်နောက်က ထွက်လိုက်လာသူကို မြင်လျှင်..

"ဟန်နေ"

အနီရောင်ဂျာကင်အပေါ်းစားလေးကို ထပ်ဝတ်လျက် ကော်ဖီရောင်ဘောင်းဘီရှည်ပွပွကို ခြေသလုံးတစ်ဝက်လောက်ထိ ခေါက်တင်ထားသည် ။ ကြည့်လိုက်တော့ ဘယ်ဘက်ခြေသလုံးမှာ ပတ်တီးနှင့်။

"အမယ်လေး ပတ်တီးမှာ သွေးတွေစွန်းလို့ ပါလား၊ ဘာဖြစ်တာလဲ ဟန်နေ"

"ဓားထိသွားတာ၊ နည်းနည်းလေးပါ"

"အို.နည်းစရာလား၊ ပတ်တီးစည်းထားတာတောင်မှ သွေးစိမ့်နေတဲ့ ဟာ"

နေခြည်သည် အငယ်ဆုံးမောင်လေးအတွက် တက်မတတ် ချက်မတတ် ပူလောင်သောကများကာ ဆရာဝန်ကြီးနဲ့ သွားတွေ့ဖို့ ပြင်လျှင်..

"မမ...မမ ရင့်ကိုခေါ်ပြီး ပြန်လိုက်ပါ၊ ဒီကကိစ္စတွေ ကျွန်တော် ရှင်းလိုက်မယ်"

မှုန်ကုတ်ကုတ် ရှုတင်းတင်းကြည့်နေသည့် လူငယ်သုံးယောက်ကို လှမ်းကြည့်ပြီး ကိုစိုင်းက ကပ်ပြောသည်။

လူငယ်တွေ ရန်ဖြစ်ကြပြီး ပြဿနာမတက်ရအောင် ကိုယ့်အသိနဲ့ ကိုယ် နီးစပ်သည့်ဆေးခန်းကြီးတွေကို ဝင်နေကြတာဖြစ်သည်။

ဒီဆေးခန်းက ဆေးရုံအုပ် ဒေါက်တာ ဦးဝင်းမြင့်က ကိုစိုင်း၏ ဦးလေး ဖြစ်၏။ ပြီးတော့ နေခြည်တို့ ၏ မိသားစုဆရာဝန်။

"လာ ဟန်နေ"

"ခဏလေး မမ"

"အို..ဘာလုပ်မလို့ လဲ"

ရင့်က ခြေထောက်မှာ ဒဏ်ရာရထားပေမယ့် တစ်ကိုယ်လုံးက ခြင်ကိုက်ရာမထင်အောင် ဝင်းမွတ်လန်းဆန်းနေသည်။

တိုက်ခိုက်သတ်ပုတ်ထားခဲ့သည့် ဟန်ပန်လည်း မရှိ၊ ချွေးမရှိ။ တစ်ဖက်က လူငယ်တွေမှာ တော့ ဒဏ်ရာကိုယ်စီရှိလျက် အဆီပြန် ဒေါသထွက်နေသည့် မျက်နှာများက နီရဲနေကြ၏။

ရင့်က သူတို့ ရှေ့မှာ နီးနီးလေး သွားရပ်လိုက်ကာ..

"တိမ်မိုးညိုဆိုတဲ့ ကောင်ကို ပြောလိုက် ဟိတ်၊ သွားသုံးချောင်း လက်တစ်ဖက်ကျိုးတာ မကျေနပ်သေးရင် ကြိုက်တဲ့ အချိန်၊ ကြိုက်တဲ့ နေ

ရာမှာ ချဲလင့်န်”

“ဟန်နေ..တော်ပြီလေ၊ လာ လာ”

ဟိုဘက်ကတစ်ယောက် ဆတ်ခနဲထရပ်လိုက်တော့ နေခြည်က ရင့်လက်ကို ဆွဲခေါ်လာခဲ့၏ ။ ကိစ္စတွေကို ဘာမှ ပြန်မကြည့်တော့ဘဲ ကိုစိုင်းနဲ့ ပဲ ထားပစ်ခဲ့လိုက်သည် ။ ကိုစိုင်းက နေခြည်အတွက် အစစ ယုံကြည်စိတ်ချစွာ လွှဲအပ်ထားနိုင်သည့် ပီအေတစ်ယောက်ဖြစ်သည် ။

အိမ်ပြန်ရောက်လာတော့ ရင့်၏ ပြဿနာက ပို၍ကြီးကျယ်ပွထသွားကာ..

“ရန်ဖြစ်ကြတယ် ဟုတ်လား၊ ဟိုဘက်ကနှစ်ယောက်၊ ဟန်နေတို့ က အုပ်စုမတောင့်ဘူးလား”

လရိပ်က အပြင်သွားကာနီးမှ လက်ဖွေအိတ်ကြီး စားပွဲပေါ် ပြန်ချပြီး ရင့်ဘေးမှာ ဝင်ထိုင်သည် ။ ဟိုဘက်မှာ ဒေါ်နွေးနွေး။

သမီးနှစ်ယောက်၊ သားလေးတစ်ယောက် မွေးထားပါသည် ။ သမီးနှစ်ယောက်က စီးပွားရှာကြတော့လည်း အတ္တကိုယ်စီနှင့်၊ အောင်မြင်ကြတော့လည်း တစ်လိုင်းစီ၊ သပ်သပ်စီ။

တစ်ယောက်က စိန်ကုန်သည် ၊ တစ်ယောက်က စီးပွားရေးကုန်လုပ်ငန်းသမားသက်သက်၊ တူညီတာတစ်ခုက အငယ်ဆုံးမောင်လေးကိုတော့ ထားစရာမရှိအောင်ချစ်ကြခြင်းပင်။

“ကဲ သွားစရာရှိတာကိုသွားလေ၊ ညည်းမောင် ဘာမှ မဖြစ်ဘူး၊ ဖြစ်သွားတာက ဟိုမှာ သွားသုံးချောင်းကျိုးတယ်တဲ့ ၊ လက်မောင်းရိုးကျိုးတယ်၊ ပခုံးနောက်မှာ ဓားတစ်ချက်ထိတယ်တဲ့ ၊ ငါတော့ သေချင်ပါတယ်”

ဒေါ်နွေးနွေးမျက်နှာက တကယ့်ကို ညှိုမှောင်ရှုံ့မဲ့နေသည် ။

"မေမေရယ် ဓားက သူတို့ က ယူလာတာ၊ ရန်စတာက သူတို့ က၊ သူတို့ ဓားနဲ့ ဟန်နေ့ကိုလဲ ထိတာပဲ"

လရိပ်က ပီကေဝါးမပျက် အလယ်မှာ လက်ပိုင်ထိုင်နေသည့် ရင့်နဖူးကိုလည်း စမ်းသည် ၊ ခြေသလုံးက ပတ်တီးနှင့်ဒဏ်ရာကိုလည်း ပြန်ဖြေကြည့်တော့မလိုလို၊ မကိုင်ရဲသလိုလို ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်နေလေသည် ။

ထိုသုံးယောက်ရှေ့မှာ နေခြည်က ထိုင်လျက် တစ်လမ်းလုံး ရင်တုန်လာတာကို ဖြေလို့ မရသေး။

တစ်နေရာရာမှာ ရင့် ပြဿနာတက်ပြီဆို ဆက်သွယ်ချက်ဖုန်းတွေက နေခြည်တို့ ၊ လရိပ်တို့ ထံ ရှေ့ဆင့်နောက်ဆင့် တစ်ချိန်တည်း ဝင်လေသည် ။

နေခြည်တို့ ဆေးခန်းရောက်သွားချိန်မှာ လရိပ်ဆီကိုလည်း ဖုန်းဝင်သည် ။ ရန်ဖြစ်ကြသည် ။ လက်တွေပါကြသည် ဆိုကတည်းက နောက်ထပ် ဘာမှ မကြားတော့။ သတိမရတော့ဘဲ ရင်ဘတ်ကိုဖိ ဘုရားစင်ရှေ့ပြေးထိုင်။

ဆေးခန်းကို မမနေ ရောက်သွားပြီမို့ ချက်ချင်း ပြန်ပါလာမှာ ကို သိသည် ။ ဒါကိုစောင့်ရင်း ဘုရားရှေ့မှာ သီလခံ၊ ဆုတွေတောင်း။

အကြီးအကျယ် ဘာမှ မဖြစ်ဘူးဆိုတာ သတင်းရပြီလား။ ဓားထိသွားတာကိုလည်း သိသည် ။ ထို့ကြောင့် အကြီးအကျယ် ဖြစ်မလာပါစေနဲ့ ဆုတောင်းရင်း ပရိတ်ရွတ်နေတာမဆုံးခင် ကားသံကြားတော့ ဦးသုံးကြိမ် ကမန်းကတန်းချပြီး ပြေးထွက်လာခဲ့မိ၏ ။

တကယ်ဆို အပြင်သွားမလို့ ပြင်ဆင်ထားခဲ့တာဖြစ်သည် ။ တံတော

င်ဆစ်နားမှာ အဆင်သင့်ချိတ်ထားပြီးသည့် လက်ကိုင်အိတ်ကိုပင် ပြန်မချရသေးပါ။

"ဟန်နေ ပြောစမ်း၊ အမယ်လေး သူက ပီကေ ဝါးနိုင်သေးတယ်၊ သူတို့ က အုပ်စုပိုများ တာ မဟုတ်လား"

"တစ်ယောက်ပိုတယ်၊ သူတို့ က လေးယောက်၊ ကျွန်တော်တို့ က သုံးယောက်"

"ကြည့်စမ်း ဒါကို ဓားက သုံးသေးတယ်၊ ခြေထောက်ကို ဘယ်သူလုပ်လိုက်တာလဲ၊ ဘယ်လိုထိလိုက်တာလဲ၊ ဘယ်လိုထိတာလဲ"

"ဓားကိုင်တဲ့ ကောင်ပဲ တိမ်မိုးညို တဲ့ .."

"အဲဒီ သူငယ်က သားနဲ့ ရန်စရှိလို့ လား"

ဒေါ်နွေးနွေးက ဝင်မေးသည် ။ ရင့်က ပီကေကို သွားနှင့်ဖိကိုက်ထားရင်း နှုတ်ခမ်းစေ့ပြုး၏ ။ ရန်ဖြစ်လာတာကို စိတ်လှုပ်ရှားနေပုံလည်း မရှိ၊ စိတ်ဆိုးမာန်ဆိုးဖြစ်မလာ တစ်အိမ်လုံး ပျာယာခတ်နေကို သူက အေးဆေးစွာ ပြုးလိုက်သေးသည် ။

"ဟဲ့ မေမေ မေးနေတာ ဖြေ လိုက်လေ"

လရိပ်ကပဲ လက်မောင်းကိုကိုင်လှုပ်၍ သတိပေးရ၏ ။ ဒီတော့မှ ရင့်က ရယ်ကျဲကျဲမျက်နှာနှင့် ဒေါ်နွေးနွေးကိုကြည့်ကာ

"သူ့ညီမနဲ့ ကျွန်တော် ငြိထားလို့ "

ဟု မပွင့်တပွင့် ပြောသည် ။ နေခြည်နဲ့ လရိပ် မျက်လုံးချင်းဆုံးသွားသည် ။ ဒေါ်နွေးနွေးမလည်း ..

"ဘာငြိတာလဲ မေမေ့ကို ရှင်းအောင်ပြောစမ်း၊ ယောကျာ်းလေးနဲ့

မိန်းကလေး အပျိုလူပျိုချင်း ချစ်ကြိုက်ကြတာ ဆန်းလို့ လား၊ ဓားတွေ လက်နက်တွေနဲ့ ထိ ဖြစ်စရာလား ..ဒါ..”

“မေးလဲမေးကြည့်ပါဦး မေမေရယ်၊ မေမေ့သားက ပါးစပ်သရမ်း၊ လက်သရမ်းနဲ့ တစ်ခုခုမို့လို့ ဟိုက ပေါက်ကွဲတာနေမှာ ”

“မမနေက ပြောတော့မယ်၊ သူများ တွေကြားရင် ကိုယ့်ကလေးကို အထင်မြင်သေးအောင်”

လရိပ်က ရင့် ဘာလုပ်လာလာ ဘယ်တုန်းကမှ အပြစ်မပြောတဲ့ သူ။ နေခြည် ပြောလိုက်တာကို ဆတ်ဆတ်ခါ နာသွားတာ သူမပဲ ဖြစ်၏ ။ နေခြည်က မဲ့၍

“ညည်းမောင် ကလေးမဟုတ်တော့ဘူး၊ ဘွဲ့လဲရပြီးပြီ၊ လူကောင်ကြီးကိုလဲ ကြည့်၊ ကိုယ်တောင် သူ့မျက်နှာကို မော့ကြည့်နေရပြီ”

“ဘာဖြစ်ဖြစ် မမနေရယ် လရိပ်မျက်လုံးထဲမှာ အနှီးလွတ်ရုံ၊ အရွယ်လေးပဲ ထင်တာ”

နေခြည်က ရင်တုန်ပန်းတုန် ဖြစ်ခဲ့ရသမျှ မကျေနပ်ချင်သည့် မျက်နှာနှင့် မဲ့ရွဲ့သွားသည် ။ ရင့်က ရယ်ဟဟနှင့် ပခုံးတွန့်၏ ။

ထိုစဉ် ကိုစိုင်းဆီက ဖုန်းလာသဖြင့် နေခြည်ပဲ ပြောရသည် ။

“ပြီးပြီလား၊ အေး ပြီးတာပဲ”

“. . . .”

“အေးပါ၊ သူတို့ က ငွေ ဂရုမစိုက်ဘူးဆိုလဲ ပြီးတာပဲ၊ တကယ်တမ်း ပြဿနာရှာချင်ရင် တို့ ဘက်ကလဲ ပြောစရာတွေမှ အများကြီး”

“. . . . .”

“အေး ပြီးရော၊ ဘာ...သူတို့ က ကြိမ်းဝါးနေသေးတယ်ပေါ့၊ ဟွန်း.. ဘယ်သူက ဂရုစိုက်နေမှာ လဲ၊ အေး ဒါပဲ”

နေခြည် ဖုန်းချလိုက်တော့ လရိပ်က တစ်စခန်းထ၏ ။

“သူတို့ က ဘာမို့လို့ ကြိမ်းဝါးနေတာလဲ၊ ဟွန်း..ဒီက ကလေးကို မြှောက်မပေးချင်လို့ ”

“တော်ကြစမ်းပါဟယ်၊ စိတ်ညစ်လိုက်ပါဘိ ဟင်း..”

ဒေါ်နွေးနွေး ဘယ်မျက်နှာကြည့်ရမှန်းမသိတော့ဘဲ ခေါင်းကော လက်ကောခါ၍ ညည်းလေသည် ။ များ သောအားဖြင့် ဖြစ်တတ်ကြသည့် အစ်မကြီးတွေထဲမှာ ယောကျ်ားလေးမွေးလာလျှင် ချစ်လွန်းလို့ ယုယအလိုလိုက်ကြရင်း ထိုကလေးက မိန်းမလျာလေး ဖြစ်သွားသည် တဲ့ ။ ထို့ကြောင့် အငယ်ဆုံးမောင်လေးမွေးလာတော့ အစ်မနှစ်ယောက်က မောင်ဖြစ်သူကို မိန်းမလျာလေးဖြစ်သွားမှာ စိုးလွန်းလို့ ကျားကျားလျားလျား နေထိုင်တတ်အောင်၊ ယောကျ်ားပီသအောင် အမျိုးမျိုး ကြိုးစားကြသည် ။

ထိုထဲမှာ ရင့်ကို ငယ်ငယ်ကတည်းက ဂျူဒို၊ ကရာတေးသင်တန်း ပို့ပြီး ကိုယ်ခံပညာတွေ သင်ခိုင်းခဲ့ခြင်းက ကျားကို အတောင်တပ်ပေးမိသလိုပင်။

ရင့် ငယ်ငယ်ကတည်းက ရန်ဖြစ်တတ်လာသည် ။ ဘယ်မှ ရန်ဖြစ်လာလာ..

“မမ သားသား ချပစ်ခဲ့ပြီ”

ဆိုတာချည်းပင်။ ဒီလိုဆို အစ်မတွေက သဘောကျလို့ မဆုံး။ ဘယ်ထိလိုက်ရလိုက်ရ၊ ဘယ်လိုရှင်းရရှင်းရ၊ ဘယ်လောက်ကုန်ကုန်။

“ကိုယ်ကတော့ လက်တို့ မစနဲ့ ပေါ့၊ ကိုယ့်ကို လာစရင် ချသာချ၊ ခံလာရရင် တွေ့မယ်”

ဒါက လရိပ် မြှောက်ပေးနေကျ။

“ပြဿနာဆိုတာ ကိုယ်ကစလို့ လွန်သွားရင် ပြဿနာတတ်တော့ ကိုယ် မျက်နှာငယ်မယ်၊ ဒါပေမယ့် သည်းခံပြန်တော့လဲ နိုင်ချင်လာကြတာပဲ၊ သည်းခံတဲ့ စိတ်ဟာ တကယ်တော့ မဖြေရှင်းရဲတာပဲ”

နေခြည်က မြှောက်ပေးသလိုလို၊ ဆုံးမသလိုလို၊ ဒါပေမယ့် ရန်ဖြစ်လာပြီ ကြားတာနဲ့ “ဟန်နေ ခံလာရသလား” ဆိုတာပဲဖြစ်သည် ။ ဒါက ငယ်ငယ်တုန်းက၊ လူပျိုပေါက်လေးဖြစ်လာတော့ ရည်းစားထားတတ်လာ၏ ။

အတန်းပိုင်ဆရာမက တိုင်စာတွေပို့တော့ နေခြည်က ရှုံ့ရှုံ့မဲ့မဲ့..

“အမယ်လေးနော် ကိုးတန်းဆယ်တန်းပဲရောက်နေပြီ၊ လူပျိုပေါက်ကလေးတွေပဲဟာ ရည်းစားစာပေးတာလောက်တော့ ရှိမှာ ပေါ့။ ဟွန်း.. ဆရာမတွေကလဲ”

ဆိုတာမျိုး။

“ဟန်နေနော် ရည်းစားထားတာက ပြဿနာမရှိဘူး၊ လွန်လွန်ကျွံကျွံတွေပါလာရင် ရှုပ်ကုန်မယ်၊ ဆင်ဆင်ခြင်ခြင်လုပ်” တဲ့ ။

ဆုံးမပုံက..၊ ဆင်ခြင်ပါဆိုတဲ့ လူက ဘယ်လိုအတိုင်းအတာကို ပြောမှန်းတော့မသိ၊ ရင့်တို့ ရည်းစားထားလိုက်တာ သက်စေ့မကတော့ဘူးထင်သည် ။ ငယ်ငယ်က ရန်ဖြစ်တိုင်း လိုက်ရှင်းခဲ့ရသည့် ဒုက္ခ။

ခုကျတော့ ရည်းစားထားပြီး ရှုပ်ပစ်ခဲ့တာတွေကို နားစွင့်ရ၊ လိုက်ရှင်းရ။

“ကဲ ပြောစမ်းပါဦး၊ ဖုန်းထဲက ဘာတဲ့ လဲ”

မေးကိုမမေးချင်တော့ပါ။ ကိုယ်ထင်ရာ ကိုယ်လုပ်၊ ကိုယ်ပဲမှန်တယ် ဖြစ်နေကြသည့် မောင်နှမသုံးယောက်ကို ဒေါ်နွေးနွေး တကယ်ပဲ မပြောဆို၊ မမေးမြန်းချင်တော့ပေ။

ဒါပေမယ့် နေလည်း ပဲမနေနိုင်။

“ဟိုဘက်ကလူကြီးတွေကတော့ ကျေနပ်သတဲ့ လား”

ထပ်မေးတော့မှ နေခြည်က ခေါင်းညိတ်ကာ

“သူတို့ ကလဲ ရတနာဆိုင်ပိုင်ရှင်တွေကိုး မေမေရဲ့ ၊ ဒဏ်ရာ ဆေးကုပေးဖို့ လောက်ကို မလိုဘူးလို့ ပြောမှာ ပေါ့၊ သူတို့ ရဲ့ ကလေးတွေကို ဆရာဝန်ရှေ့မှာ ပဲ မြှောက်ပင့်ပေးနေတယ်တဲ့ ၊ နောက်ကိုလက်ဦးအောင်ချဆိုပြီးတော့”

ပြောပြတာတောင် နေခြည် အသားတုန်မတတ်ဖြစ်နေ၏ ။

“ဒါကတော့ သူတို့ ကလေးက အထူးခန်းမှာ တင်ကုနေရတဲ့ ဥစ္စာ ဒေါသမဖြစ်ဘဲ နေမလား၊ ညည်းတို့ မောင် ဓားလေးတစ်ချက်ထိမိတာတောင်မှ ..”

“အမယ်လေး အဲဒီ ဓားလေးဟာ ခြေထောက်မှာ မဟုတ်ဘဲ ရင်ဘတ်မှာ ဖြစ်ကြည့်လိုက်စမ်း၊ ခုလောက်ဆို အသက်မီဦးမလား မေမေ”

“ခြေထောက်နဲ့ ရင်ဘတ် အဝေးကြီးပါအေ၊ ဟိုမှာ ပခုံးကိုထိသွားတာဆို၊ အဲဒါကမှ ရင်ဘတ်နဲ့ နီးတာ”

“ဒါကတော့ မေမေရယ် သူ့လက်နက်နဲ့ သူပြန်ဖြစ်တာ နည်းတောင်နည်းသေး”

“သြော်...သြော်...ညီညွတ်မျှတသားပဲ”

“ကဲ တော်ကြပါတော့”

နေခြည်နဲ့ ဒေါ်နွေးနွေး အပြန်အလှန် မပြီးနိုင်တာကို လရိပ်က ဝင်သိမ်းလိုက်သည်။

“အားလုံးပဲ ဟန်နေ့အတွက် ပူပင်နေကြတဲ့ ဥစ္စာ၊ အဲဒီ ကကိစ္စတွေကို ထားလိုက်ပါတော့၊ ဟန်နေ ပြောစမ်း”

“ဘာလဲ”

လရိပ်က ရင့်ပခုံးပေါ်မှာ လက်တစ်ဖက်တင်လိုက်ပြီး မျက်နှာကို သေချာကြည့်ကာ..

“တိမ်မိုးညိုဆိုတဲ့ ကောင်လေးရဲ့ ညီမနဲ့ ဘာတွေဖြစ်ခဲ့သလဲ”

“ဘာမှ မဖြစ်ဘူး”

“မလေး မယုံဘူး၊ မဖြစ်ဘူး မဖြစ်ဘူး ဆိုပြီးတော့..”

“မလေးကလဲ အဲဒါတွေက ဇယားတွေပါ၊ ထားလိုက်စမ်းပါ”

“အို..ဒါက ဘယ်လဲ”

ပြောပြီး ရင့်က ထရပ်လိုက်တော့ လရိပ်က ပြန်ဆွဲ၍ ထိုင်ခိုင်းကာ..

“သေချာဖြေစမ်းပါ၊ ဟန်နေရယ်၊ ရတနာဆိုင်ပိုင်ရှင်တွေဥစ္စာ ဇယားဖြစ်စရာလား၊ ဟိုကောင်လေး ဒီလောက်ထိဖြစ်တယ်ဆိုတော့ မင်း..”

“တကယ် ဘာမှ မဟုတ်ဘူး ၊ ကျွန်တော့်ခေါင်းထဲမှာ ဘာမှ ကိုမရှိတော့တာ ကြာပြီ”

“ကြည့်စမ်း”

လရိပ် အကူအညီမဲ့သွားသလို ဒေါ်နွေးနွေးကို လှမ်းကြည့်၏ ။

“အဲဒါ ညည်းတို့ မွေးတဲ့ မီးလေ၊ ဘယ်လိုငြိမ်းကြမလဲ”

နေခြည်လည်း မျက်နှာပျက်လျက်..

“မဟုတ်သေးဘူးလေ ဟန်နေ၊ မိကောင်းဖခင် သားသမီးလေး ဆိုရင်.”

“မိကောင်းဖခင်သားသမီးတွေပဲ ရည်းစားဖြစ်ခဲ့တာ မမရာ၊ ကျွန်တော့်ဒိုင်ယာရီထဲမှာ အုတ်ကြားမြက်ပေါက် တစ်ယောက်မှ မပါဘူး အဲဒါတွေက ဘာဆိုင်လို့ လဲ”

ရင်ဘတ်ကိုပုတ်ပြပြီး ရင့်က ပခုံးတွန့်သည် ။ ပြီးတော့ ထရပ်လိုက်ပြန်သည် ။ ဒီကိစ္စတွေကြားလာရပြီ၊ မေးကြမြန်းကြပြီဆို ရင့်တို့ ဒီလိုပဲ ဖြေချင်မှ ဖြေသည် ၊ ဖြေတော့လည်း မှန်ချင်မှ မှန်၏ ။

အစ်မတွေကပဲ မနေနိုင်လို့ လိုက်စုံစမ်း၊ ဖြစ်လာတော့ ဖြေရှင်း။

“နေဦး”

ဒီတစ်ခါ နေခြည်က လှမ်းတား၏ ။ သို့သော် ပေါ်တီကိုအောက်ကို ကားလေးတစ်စီး မောင်းဝင် လာပြီး ရပ်တန့်သွား၏ ။ အိမ်ကကားပဲဖြစ်သည် ။ အားလုံး လှမ်းကြည့်လိုက်မိကြသည် ။ ကားကိုမြင်လိုက်မှ သတိရသွားကြ၏ ။

“သြော် လာပြီ”

“ဟိုကောင်မလေး ပါ လာပြီ မေမေ”

“ဟုတ်လား၊ အေး သွားခေါ်လိုက်ပါကွယ်”

သူ့ထံမှ အာရုံတွေ ဟိုဘက်ရောက်ကုန်သဖြင့် ရင့် ဝမ်းသာအားရ လ

စ်ထွက်လာခဲ့၏ ။

ကားသွားထုတ်ဖို့ ဂိုဒေါင်ဘက်ကို ပြေးအဆင်းမှာ ကားထဲကထွက်လာသည့် ခေါင်းကလေးတစ်လုံးနှင့် ဝဲခနဲပြိုဆင်းလာသာ ဆံနွယ်ရှည်ကြီးများက မျက်လုံးအောက်ဝင်လာ၏ ။

သူ သချော ငဲ့မကြည့်ဖြစ်ပါ။ စိတ်မဝင်စားခြင်းက နှာခေါင်းတစ်ချက်ပင် ရှုံ့မိခဲ့၏ ။ တကယ်တမ်း ထိုမိန်းမဟာ သူ့ဘဝ၏ မရှိမဖြစ် အလိုအပ်ဆုံးသော အရေးပါအရာရောက်လာတော့မည့် မိန်းမတစ်ယောက်ဆိုတာ ကြိုသိခဲ့ပါလျှင်..

မင်း ဂရုမစိုက်ဘဲ နေမလား..။

*